
mgyoe.com SAMPLE BOOK



# ဖော်ဝေး

## ဖော်ဝေးငှက်များပျံသန်းချိန်

(ဒုတိယအကြိမ်)

mgyoe.com SAMPLE BOOK

လမ်းမဲ့ခရီးမှ

အပန်းကြီးစွာ

ငါထမ်းလာတဲ့ သောက်ရေအိုး

ပိုးလောက်လန်းများ ပါခဲ့ရင်

အိမ်အပြင် လှေကားရင်း

ခြေဆေးခြင်းဖြင့် ကြင်နာပါ။

(ဖော်ဝေး)

Phaw Way-
9 254848 049412

mgyoe.com

Cover Design: MAUNG DAY/Cover Painting: CHAN AYE

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မှန်သေတ္တာထဲ ခင်းကျင်းပြသထားတဲ့ ငါ့အရေခွံ
ကွယ်လွန်သွားပြီဖြစ်တဲ့ တိရစ္ဆာန်တစ်ယောက်ရဲ့
မသေဆုံးနိုင်တဲ့ ဝိညာဉ် ...
ပြာပုံထဲက ဝင်းပ ခမ်းနားလာမယ့် သရဖူ ...

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော် ခြေရိုင်၊ မရိုင် ဆိုတာကတော့ ပြိုင်မြင်းတစ်ကောင်လို မစမ်းသပ်သင့်ဘူး ထင်ပါ တယ်။ ရိုးသားမှုကို သောက်လိုက်ရတဲ့ ဝမ်းမြောက် ပီတိထက် ပိုပြီး ဘယ်အာဟာရကိုမှ ကျွန်တော် မတပ်မက်ပါဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၂၈၆

# ဖော်ဝေးငှက်များ ပျံသန်းချိန်

ဖော်ဝေးကွယ်လွန်ခြင်း နှစ်လေးဆယ် အမှတ်တရ

## ဖော်ဝေး

နှစ်ကာလများ
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၉ ၂၅၄၈ ၄၈ ၀၄၈

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ဖော်ဝေးငှက်များ ပျံသန်းချိန်

ဖော်ဝေး

ဒုတိယအကြိမ်၊ ၃ ဇူလိုင်၊ ၂၀၁၈။

ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၀၄။

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၅၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးဇော်မြင့်ဝင်း၊ ကာလာဖုံ ပုံနှိပ်တိုက်၊ (၀၀၁၄၂) ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ **မျက်နှာဖုံးပန်းချီ** – ချမ်းအေး။ **မျက်နှာဖုံးဒီဇိုင်း** – မောင်ဒေး **ကွန်ပျူတာစာစီ** – သရဖီ။ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ ...


| | |
|---|---|
| – အောင်ချိမ့်၏ အမှာ | ၉ |
| – ဖော်ဝေး၏ ၁၉၇၄ ဒိုင်ယာရီ မှ | ၁၁ |
| ၁။ ဝဲ | ၁၃ |
| ၂။ မျက်နှာဖုံးသစ် | ၁၅ |
| ၃။ ကျောချဖို့ တစ်နေရာ | ၁၈ |
| ၄။ အရင်းအနှီး | ၁၉ |
| ၅။ စင်းတဲ့ အိပ်မက် | ၂၂ |
| ၆။ အကျီဖြူနဲ့ လူ | ၂၄ |
| ၇။ ရေလယ် မီးပြ | ၂၇ |
| ၈။ ငိုကြွေးနေတဲ့ ကဗျာတစ်ပုဒ် | ၃၀ |
| ၉။ မိုးည တစ်ညမှာ | ၂၂ |
| ၁၀။ အဝေးပြေး ကားဆိပ် | ၃၄ |
| ၁၁။ ၇၃ ကို ဖြတ်သန်းခြင်း | ၃၇ |
| ၁၂။ မီးလောင်ပြင် | ၄၁ |
| ၁၃။ အရိပ်များ | ၄၄ |
| ၁၄။ နှလုံးသား မျက်နှာ | ၄၆ |
| ၁၅။ သုံးကြိမ်မြောက် လက်ခမောင်းခတ်ခြင်း | ၄၈ |


mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ၁၆။ အမည်မဲ့ နေ့ရက်များ | ၅၅ |
| ၁၇။ မိမိကိုယ်ကို ရှာဖွေတွေ့ရှိခြင်း | ၅၈ |
| ၁၈။ ပျောက်ဆုံးသွားသော မိန်းမများ | ၆၆ |
| ၁၉။ ပန်းများကို နမ်းရှိုက်ခြင်း | ၇၅ |
| ၂၀။ ၁၉၇၅ ကမ်းစပ်၌ မတ်တတ်ရပ်၍ | ၈၇ |
| ၂၁။ နေထဲက ခုန်ထွက်ခြင်း | ၉၁ |
| ၂၂။ လရောင် မုန်တိုင်း | ၉၄ |
| ၂၃။ နံနက်ခင်း ချောက်ကမ်းပါး | ၁၀၀ |
| ၂၄။ နှလုံးအိမ်ထဲ ရေငတ်ခြင်း | ၁၀၃ |
| ၂၅။ မျက်နှာရိုင်း | ၁၀၅ |
| ၂၆။ ၈ နာရီ ဒိုင်ယာရီ | ၁၀၇ |
| ၂၇။ သန်းခေါင်ဈေး | ၁၁၀ |
| ၂၈။ ဥယျာဉ် | ၁၁၂ |
| ၂၉။ ခရီးသွား မှတ်တမ်း | ၁၁၅ |


**ဘာသာပြန် ကဗျာများ**


| | |
|---|---|
| ၃၀။ ညနေစာ၊ မိုးနဲ့ လမ်းပန်းဆက်သွယ်ရေး | ၁၃၀ |
| ၃၁။ မီးနှစ်ပုံ ကြားမှာ | ၁၃၃ |
| ၃၂။ ကဗျာစု | ၁၃၆ |
| ၃၃။ တစ်မနက်ခင်း | ၁၃၈ |
| ၃၄။ ငါ လာနေပြီ | ၁၃၉ |
| ၃၅။ အချစ်၊ ကျောက်ကြားမှုနဲ့ သေခြင်းတရား | ၁၄၁ |


mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| မွေးသက္ကရာဇ် | – | ၁၉၄၄ |
| နာမည်ရင်း | – | ဝင်းထိန် |
| အလုပ်အကိုင် | – | တပ်ကြပ်ကြီးစာရေး ဝင်းထိန် (ငြိမ်း) |
| ကလောင်အမည် | – | ဖော်ဝေး |
| ကွယ်လွန် | – | ဇူလိုင်လ ၃ ရက်၊ ၁၉၇၈။ |

mgyoe.com

mgyoe.com SAMPLE BOOK

ဤကဗျာစာအုပ်မှ 'ဖော်ဝေး' ကဗျာများ
မူပိုင်-အောင်ချိမ့်

mgyoe.com

mgyoe.com SAMPLE BOOK

## ဖော်ဝေး
## (ခေတ်ပေါ်ကဗျာနဲ့ အမည်ရေးခဲ့သူ)

၁။

မြန်မာ ခေတ်ပေါ်ကဗျာအတွက် လမ်းပြ 'ထင်းရှူးပင်ရိပ်' ၁၉၆၈ ခုနှစ်မှာ ထွက်ခဲ့။ ဒီနောက် ၂ နှစ်အကြာမှာ သိဒ္ဓတ္ထလှိုင်က 'ငွန်လ၏ မိုးရေများ' ရေးဖွဲ့ပြီးစီးခဲ့။ ၁၉၇၀။ နောက်ထပ် ၂ နှစ် အကြာ ၁၉၇၂ ရောက်တော့ 'ငွန်မိုးရေ' ပုံနှိပ်ထုတ်ဝေဖြစ်။ နောက်ထပ် ၂ နှစ် ထပ်ကြာပြီး 'သစ်ရွက်အသေများပေါ်မှ ရက်စက်သော ဂီတ' စာအုပ် ထွက်ခဲ့။ အောင်ချိမ့်၊ ဖော်ဝေး၊ မောင်ချောနွယ်တို့ ရေးဖွဲ့ခဲ့ကြ။ ၁၉၇၄။

မြန်မာ ခေတ်ပေါ်ကဗျာ ဓာတ်ခုံပေါ် တက်ခဲ့။ ရာဇဝင်ထဲ ဝင်ခဲ့။

၂။

အဲဒီ ရာဇဝင်ထဲက တစ်ဦးဖြစ်တဲ့ ဖော်ဝေးဟာ တောသား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့၊ ဒေါနတောင်ခြေ ပတ်ကျောရွာ ဇာတိ။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးစံချိန်၊ ဒေါ်နုတို့၏ သား။ ၁၉၄၅ ဖွား(ဟု ထင်)။ ဆင်းရဲ၍ ကျောင်းတန်းလန်းနှင့် စစ်ထဲဝင်။ စာကြိုးစား။ စာတွေ ဖတ်။ တပ်ကြပ်ကြီးစာရေး ဖြစ်။ ရန်ကုန်ရောက်။

အောင်ချိမ့်၊ မောင်ချောနွယ်၊ သုခမိန်လှိုင်တို့နဲ့ ပူးပေါင်း။ တစ်ယောက်ကိုတစ်ယောက် ချစ်ကြိုက်ကြ။ ချီတက်ကြ။ ၁၉၇၃။

အဆီပျံ မျက်နှာများ၊ ဆံပင်များ၊ ဘေးဖယ်ထားခံရမှုများ၊ ချွေး သွေးများ၊ ရှုံးနိမ့်မှုများ၊ အရယ်အမောများ မီးခိုးအူလျက်။

## ၃။

ဒီတော့မှ သူဟာ မြန်မာ ခေတ်ပေါ်ကဗျာကို ထမ်းရွက်ရန်၊ ခုန်ချရန်၊ တိတိကျကျ ရွေးချယ်ခဲ့ကြောင်းကို ကျွန်တော်တို့တွေ သိခဲ့ကြရ။ သူ့သက်တမ်းဟာ တိုခဲ့တဲ့အတွက် ကျွန်တော်တို့တွေ အသံမထွက်နိုင်အောင် ဝမ်းနည်းကြေကွဲခဲ့ရ။ ၁၉၇၈။ သန်းပေါင်းများစွာ လူတွေထဲမှ 'ဖော်ဝေး'တစ်ယောက် ပျောက်ပါးသွားခဲ့တာဟာ သိသာလွန်းလှ။

## ၄။

မကျေပွန်နိုင်ခဲ့တဲ့ နှစ်အများကြီးကို ကျော်လွန်ပြီး အခု 'ဖော်ဝေး ၄က်များ ပျံသန်းချိန်' အမည်ရှိ 'ဖော်ဝေး ကဗျာပေါင်းချုပ်'လို့ ခေါ်လောက်တဲ့ စာအုပ်ကို ကျွန်တော်တို့ တင်ဆက်ဖြစ်။

ခေတ်ပေါ်ကဗျာ ချစ်သူများ တွေ့ဆုံကြပါစို့။

လေးစားစွာဖြင့်

**အောင်ချိမ့်**

၁၇၊ ၁၊ ၂၀၀၄။



mgyoe.com

mgyoe.com SAMPLE BOOK

## ဖော်ဝေး၏ ၁၉၇၄ ဒိုင်ယာရီမှ

သူသည် လူမှုဆက်ဆံရေးပညာ၌ ကျွမ်းဝင်သူ မဟုတ်။ မိမိ၏ မာနအတ္တကို ရေဆုံးရေဖျား မြင့်မြင့်မားမား လွှင့်ထူတတ်သူလည်း မဟုတ်။ သုတေသီလည်း မဟုတ်။ သူသည် စာသင်ကျောင်းသား မဟုတ်။ ဆရာ မဟုတ်၊ တပည့် မဟုတ်။ သူသည် နိုင်ငံရေးကို မုန်းသူ မဟုတ်။ စီးပွားရေးအမြင် ထက်မြက်သူ မဟုတ်။ သူသည် အရက်သမား မဟုတ်။ ဘိန်းစား မဟုတ်။ မုဒိမ်းကောင် မဟုတ်။

သူသည် မုန်းတတ်သူ မဟုတ်။ အငြိုးကြီးတတ်သူ မဟုတ်။ အပျော်ကျူးသူ မဟုတ်။ သူသည် လူမိုက် မဟုတ်။ လူလိမ္မာ မဟုတ်။ သူသည် သံသယကြီးသူ မဟုတ်။ လောင်းကစား ဝါသနာထုံသူ မဟုတ်။ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သူ မဟုတ်။ တရားဟောတတ်သူ မဟုတ်။ သူသည် သည်းခံတတ်သူ မဟုတ်။ အလွယ်တကူ အလျှော့ပေးတတ်သူ မဟုတ်။ သူသည် ကျန်းမာရေး လေ့ကျင့်ခန်းယူသူ မဟုတ်။ ကောက်ကျစ်တတ်သူ မဟုတ်။



mgyoe.com

mgyoe.com SAMPLE BOOK

သူကား ကဗျာကို ချစ်သူ။ အနုပညာ ဖန်တီးရမှာ ရွံ့ကြောက်သူ။ အလွမ်းကို ချစ်သူ။ အချစ်ကို ချစ်သူ။ နိုင်ငံရေးကို ချစ်သူ။ အသစ်ကို မက်မောသူ။ ပျင်းရိတတ်သူ။ ပြိုင်ပွဲတွင် အနိုင်လိုချင်သူ။ စိတ်အားငယ်တတ်သူ။ ရန်ဖြစ်ရမှာ ကြောက်သူ။ မိန်းမ၌ စိတ်ဝင်စားသူ။ အချစ်ဦးကို ဘုရားရုပ်တုလို ထွင်းထု ကိုးကွယ်သူ။ လူတွေကို ချစ်သူ။ လူ့သဘာဝ၌ စိတ်ဝင်စားသူ။ ဟိတ်ဟန်ကို မုန်းတီးသူ။ လူအထင်ကြီး ခံလိုသူ။ ထင်ပေါ် ကျော်ကြားချင်သူ။ သံယောဇဉ်ကြီးတတ်သူ။ ကြောက်ရွံ့တတ်သူ။ မိုက်ရူးရဲ ဆန်ချင်သူ။ ဝတ္ထုရှည်ကြီးများ ရေးချင်သူ။ အနတ္တဝါဒကို ဗုဒ္ဓထက် နက်နဲစွာ ခံစားမိသူ။ မာ့က်စ်ဝါဒကို ယုံသူ။ လဟာပြင်ကို ငေးမောရမှာ နှစ်ခြိုက်သူ။ အကောင်းမြင်ဝါဒကို အားကျသူ။ စံပယ်ပန်းကို အစွဲအလမ်းကြီးသူ။ လပြည့်ညတွင် အိပ်မရသူ။ စိတ်အတက်အကျ မြန်သူ။ ရင်ခုန်ဖွယ်ကို ရှာဖွေချင်သူ။ တစ်နေ့ ထမင်း ၂ နပ် စားလိုသူ။ မကြာမကြာ လိမ်လည်တတ်သူ။ အကြောင်းမဲ့ အားနာနေတတ်သူ။ နတ္ထိအမြင်ကို တိတ်တခိုး လက်ခံသူ။ လူများရှေ့တွင် မနေတတ်သူ။ မနာလိုစိတ် ရှိသူ။

ဆင်ခြင်တုံတရားကို ဒေါသကြီးနေသူ။ သူ့သက်တမ်းကို မုန်းသူ။ သူဌေး မဖြစ်ချင်သူ။ ပန်းချီ ဆွဲလိုသူ။ နိမ့်ကျစိတ် ရှိသူ။ အမေ့ကို ချစ်သူ။ အိပ်မက်ထဲမှာ မိန်းမတစ်ယောက်နှင့် လက်ထပ်လိုသူ။ သေရမှာ အလွန်အမင်း ကြောက်တတ်သူ။ ဘာမှ မသိသေးသော အရာတစ်ခုကို ကဗျာရေးမည်ဟု အမြဲ ကြံစည်နေတတ်သူ။

**ဖော်ဝေး**



mgyoe.com

mgyoe.com SAMPLE BOOK

# ဝဲ

ညှိစို့ပုပ်ဟောင်၊ ခွေးသေကောင်သည်
ကန်ပေါင်ရေစပ်၊ ပေါလောတင်။

လှိုင်းပုတ်ရိုက်ခတ်၊ ရေစပ်မြုပ်ပေါ်
ကြာသော်နံ့သက်၊ ခံခက်ဆိုးရွား
တို့ရွာသားတို့၊ ထိုးဝါးကိုသုံး
တရုန်းရုန်းနှင့်၊ ရေလယ်မျှော။

ရေစီးညင်သာ၊ သယ်ဆောင်လာပြီး
ဝဲကြီးတစ်ကွေ့၊ ဆန်၍တက်လာ
နေရာဟောင်းတွင်၊ တင်ပြန်ပါ၏။

ဆင်ခြင်ပါဘိ၊ ခေတ်အသိကို
မျက်စိမမှိတ်၊ နှုတ်မဆိတ်နိုင်
ဝဲဆိုင် ဘယ်သို့ပြုသနည်း။



mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကားလုပ်ရ၊ စားမဝလေ
ထုတ်ကားထုတ်ရ၊ မဝတ်ရလေ
ဆောက်ကားဆောက်ရ၊ မနေရလေ
တို့တွေအတွက် ဘယ်အချက်က
ထွန်းပြသက်သေ ညွှန်းသနည်း။

ညှိစို့ပုပ်ဟောင်၊ ခွေးသေကောင်သည်။
ကန့်ပေါင်ရေစပ်၊ ပေါ်လောတင်။ ။

မြဆူးတော ကဗျာစာအုပ်
ဩဂုတ်၊ ၁၉၇၁။



mgyoe.com

mgyoe.com SAMPLE BOOK

## မျက်နှာဖုံးသစ်

နေထွက်က နေဝင်
အလုပ်ခွင်ဆီ
ငါ့အိမ်ဆီ
ဒီလမ်းကြားက
ဖြတ်သွားခဲ့ရ
ကာလ အတော်ကြာခဲ့ပြီ။

လမ်းကြားနဲ့ လမ်းမကြီး
ဆုံစည်းတဲ့ ဘေးမှာ
ထည်ဝါခမ်းနား
မြင့်မားတဲ့ တိုက်ရယ်
ကျယ်ဝန်းတဲ့ ခြံမြေရယ်
နှစ်များစွာထဲက ရှိခဲ့တယ်။

အားအင်ကုန်ခန်း
မောပန်း နွမ်းနယ်စွာ
အိမ်ပြန်လာတဲ့အခါတိုင်း
ရမ္မက်ကြွစရာ အသံလှိုင်းတွေ
နားလျှံဝေအောင် ကြားရမြဲ။



mgyoe.com

mgyoe.com SAMPLE BOOK

နှစ်တွေ လတွေ
တစ်စစနဲ့
ကြာလာတာနဲ့အမျှ
အဆင်အပြင်ကလည်း ပိုလှ
ရွှင်ပျစရာ တေးသံတွေလည်း
ပိုပိုကဲလို့ ညံလာတယ်။

သူတို့တွေရဲ့
အဆင်ပြေတဲ့ ဘဝ
နေ့စဉ် တွေ့ရပေမဲ့
ချို့ငဲ့ကြေမွ
တို့ဘဝတွေ
ရေမဲ့ မြောင်းကြား
နေလှန်းငါးလိုပါပဲ။

ဒီညနေခင်း
အလုပ်ဆင်းအပြန်
မှန်ပြတင်းတစ်ချပ်
ဖျတ်ခနဲ ပွင့်
တိုက်ရှင်မျက်နှာ
ပထမဦးစွာ မြင်ဖူးတယ်။

သူဟာ
တို့ဘဝ သာယာရေး



mgyoe.com

mgyoe.com SAMPLE BOOK

တို့အခွင့်အရေးအတွက်
တို့ဘက်က ရပ်မယ့်
တို့ရဲ့ ကိုယ်စားလှယ်ကြီး
အစည်းအဝေးပွဲတိုင်း တွေ့ခဲ့ရသူပါ။

ဒီတော့
သူ့ခေတ်မှာ သူ ချမ်းသာတာ
မဆန်းသလို
တို့ ဆင်းရဲတာကကော ကဲ ... ပြောပါဦး။ ။

မိုးဝေ မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၇၁။



mgyoe.com

mgyoe.com SAMPLE BOOK

# ကျောချဖို့တစ်နေရာ

အိပ်ကောင်းတုန်း
ဝုန်းဝုန်းဒိုင်းဒိုင်း
ရိုင်းစိုင်းတဲ့ အသံတွေ
ခွေးအူသံနဲ့ ရောထွေးသွား။

မည်းမည်းအရိပ်
ထိတ်လန့်စရာ
လာနေပြီ တစ်ယောက် နှစ်ယောက်
သုံးယောက် ... လေးယောက်
တံခါး ခေါက်တယ်။

'မှတ်ပုံတင်' 'အိမ်ထောင်စုစာရင်းစာအုပ်'
ထုတ်ပြပါတဲ့
ဘယ့်နှယ်ပါလိမ့်
မျက်နှာရိပ်တွေ တင်းမာနေ။



mgyoe.com

mgyoe.com SAMPLE BOOK

လင်မယားနှစ်ယောက်
တစ်ယောက်ကို တစ်ယောက် ကြည့်
မျက်စိ ဝိုင်းလည်
မျက်နှာငယ်နဲ့
ရှိတဲ့ မှတ်ပုံတင် ထိုးပြတယ်။
'အိမ်ထောင်စုစာရင်း စာအုပ်'
ထုတ်မပြနိုင်
ဧည့် တိုင်ရအောင်လည်း
ဧည့်သည် မဟုတ်
ဘာလုပ်တဲ့ ဟာတွေလဲ။

အိမ်ရှင်မိန်းမ
ကြားဝင် ရှင်းပြတယ် 'ဒီလင်မယားဟာ
ဧည့်သည် မဟုတ်
တစ်နေ့လုပ် တစ်နေ့စား
ပျံကျ လင်မယား
အိမ်ငှားမနေနိုင်
နေ့တိုင်းရင် အလုပ်ရှာ
ညမှာ တစ်ခါအိပ် ၂၅ ပြား
ငှားထားတာပါ' ... တဲ့။

ရှာဖွေရေးတို့
အတွေးကျပ်ပြီ
တာဝန်သည် အစိက



mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ခဲ့ကြ
ရဲဌာနကို။

မိန်းမဝတ်စုံ တစ်စုံ
ယောကျ်ားလုံချည် တစ်ထည်
ရှိပစ္စည်း အကုန်သယ်လို့
ရို့ရို့လေး ပါသွားကြ။

ဒီညတော့
ရဲဌာနမှာ
အသပြာ ၂၅ ပြား
ငွားခ မပေးရဘဲ
ဒီလင်မယား
ဝမ်းပန်းတသာ အိပ်နိုင်ပြီပေါ့။ ။

မိုးဝေ မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၇၂။



mgyoe.com

mgyoe.com SAMPLE BOOK

## အရင်းအနှီး

ကွန်ပျူတာ စက်တစ်လုံး
အသုံးပြုဖို့ ငါ့ကို ပေးရင်၊
ကွဲအက်ကြေမွ
တို့ဘဝတွေ
ရေတွက်ကြည့်ချင်တယ်။

ဒါပေမဲ့
တိကျမှန်ကန်တဲ့
ကွန်ပျူတာစက်ဟာ
သွက်သွက်ခါ ရှူးသွပ်သွားမှာ
ငါ သနားမိပါသေးရဲ့။ ။

ကဗျာရဲ့နွေ ကဗျာစာအုပ်မှ။
မတ်၊ ၁၉၇၂။



mgyoe.com

mgyoe.com SAMPLE BOOK

## စင်းတဲ့အိပ်မက်

လက်ကောက်ဝတ်
ခြေချင်းဝတ်တွေမှာ
ယားလာသလို၊ နာလာသလို
ရှစိ ... ရှစိ
ကြည့်ရင်း ကြည့်ရင်းနဲ့
ပိုးတွေ အုံဖွဲ့တက်နေတယ်။

အုံစရာပဲ၊ ပိုးကောင်တွေထဲ
စီမံခန့်ခွဲတဲ့ ခေါင်းဆောင်လည်း ပါရဲ့။

ဟစ်တလာ၊ မူဆိုလီနီ၊ တိုဂျို
အို ... စုံရောပဲ
ဒါးလက်၊ နစ်ဆင်၊ သီးယူးတောင် ပါသေး။

ငေးကြည့်ရင်းက
အလန့်တကြား၊ တအားခါချ
လှုပ်မရ ရုန်းမရ
ပိုးတွေက သံကြိုးတွေ ဖြစ်နေပါရော။



mgyoe.com

mgyoe.com SAMPLE BOOK

ဩော် ... ကယောက်ဂယက်
အိပ်မက်တွေလေ
မနက်လင်းမှ ပြန်စဉ်းစားကြည့်
အော် ... သိပြီ၊ ကလောင်ကျိုးလို့
အိပ်မက်ဆိုးတွေ မက်တာကိုး။ ။

မြားငါးစင်း ကဗျာစာအုပ်မှ
မေ၊ ၁၉၇၂။



mgyoe.com

mgyoe.com
SAMPLE BOOK

## အက်ိုဖြူနဲ့ လူ

ကျီးငှက်များအကြား
ဗျိုင်း နားလိုက်စဉ်
ထင်သာမြင်သာ
ရှုပ်ထွေးစရာ ဘာမျှမရှိ။

နှင်းဖြူဖွေး
စံပယ်ပွင့်လေးများအလယ်
ပိတုန်းငယ် ခိုဝင်နား
အမြင် ထင်ရှားပါတယ်။

လမိုက်ညလေ
ကြည့်တွေလည်း ပျောက်
အမှောင်အောက်မှာ
ချောက်ချားငြိမ်သက်
သွေးပျက်စဖွယ်။

အမှောင်ဆိုးယုတ်
ချုံးခုတ်ပိုင်းဖြတ်
အလင်းဓာတ်တိုင်း
ဓား မဆိုင်းတော့
ရိုင်းလိုက်တဲ့ ည။


mgyoe.com

mgyoe.com SAMPLE BOOK

ည ၁၂ နာရီ
ဒီသစ်ပင်အောက်
သူ ရောက်လာမယ်
ချိန်းခဲ့တယ်လေ။

အုန်းမောင်း ၁၂ ချက်
နားရွက်ဆွဲထောင်
မျက်တောင်မခတ်
သက်ရှူပြတ်နေ
ရှာဖွေစူးစမ်း
လမ်းမတစ်လျှောက်
လျှောက်လာမယ့်သူ။

ကမ္ဘာလာနက်ထဲ
အဖြူကွက်ပျောက်
မျက်စိမှောက်ရောလား
ထွေပြားစိုးထိတ်
တိတ်ဆိတ် စောင့်ကြည့်
မင်သက်မိနေ။

ကြည့်နေဆဲ
သဲကွဲပီပြင်
သတိဝင်လိုက်
လူခွဲလိုက်ကြတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အဖြူ
အဖြူရောင်နဲ့လူ
တို့ စောင့်သူပါပဲ။

မကြာပါ
ခြံလွှာအဖြူနောက်
တကောက်ကောက်လိုက်
ပိုက်ကွန်ဖြန့်မိုး
မုဆိုးလက်မှာ
ငှက်အဖြူ။

အမှောင်ထဲမှာ
အဖြူရောင်ဟာ
သတ္တိပြောင်ခြင်းမမြောက်
သစ္စာဖောက်ခြင်းသာ
သင်ခန်းစာ ရခဲ့ရဲ့။ ။

ပြည်သူ့ကြယ်ဂျာနယ်၊ အမှတ် ၃၀
ဇွန်၊ ၁၉၇၂။



mgyoe.com

mgyoe.com SAMPLE BOOK

## ရေလယ်မီးပြ

အမှောင်ကြားမှာ
စမ်းတဝါးဝါး
သွားနေရရင်
ဘယ် ခရီးတွင်ပါ့မလဲ။

ပင်လယ်ပြင်ဟာ
အရှုယ်ဝင်စ
အပျိုမရဲ့
နားလည်ရခက်တဲ့ မျက်နှာလို
ခု ငိုမယ် ခု ရယ်မယ်
မှန်းဆဖို့ မလွယ်ပါဘူး။

ညဆိုတာက
မှောင်ကြီး ကျပလားဆို
ဘာဆို ဘာမှ
မမြင်ရတာ



mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်ဟာ ကမ်းပါး
ဘယ်နား ကျောက်ဆောင်
သောင်က ဟိုရွှေ့
အကွေ့ ဒီမှာ
ရှာမရနိုင်။

ဟို ... အဝေးဆီက
မီးနီ ရှန်းပြက်
တလက်လက်နဲ့
လက်ညှိုး ညွှန်တယ်
ရေလယ် 'မီးပြ'
ကျေးဇူးတင်စရာ။

မီးပြကို ကြည့်ပြီး
ခရီးထွက်ခွာ
ဘယ်နေရာဆို
ဘယ်လို အန္တရာယ်
ဘယ်အဆွယ် ဘယ်အကွေ့
ဘယ်ရွှေ့ ဘယ်မျှ
မှန်းဆလို့ ရပါပြီ။

ဒါပေမဲ့
အနီရောင် တလက်လက်နဲ့
မီးပြများ ... ပျက်တဲ့အခါ



mgyoe.com

mgyoe.com SAMPLE BOOK

အန္တရာယ်ဟာ
မငယ်တော့ပေဘူး။

သဲသောင်ပေါ် မဆိုက်
ကျောက်ဆောင်နဲ့ မတိုက်
အမှောင်ထဲက
မီးပြနဲ့ တိုက်တာကြောင့်
သင်္ဘော မှောက်ခဲ့ရတာမျိုးတွေ။ ။

မိုးဝေ မဂ္ဂဇင်း၊ မေ၊ ၁၉၇၂။



mgyoe.com

mgyoe.com SAMPLE BOOK

# ငိုကြွေးနေတဲ့ကဗျာတစ်ပုဒ်

ဆွတ်ပျံ့ ချိုအေးတဲ့
တေးသံတွေကို
ငါ ချစ်တယ်။

သမီးလေးရဲ့
ငိုကြွေးသံဟာ
ကဗျာခံစားမှုအလား
နှလုံးသားထက်
နက်ရှိုင်းစွာ စူးဝင်
ရင်ခုန်ရပြီ။

ငိုခြင်းနဲ့ ရယ်ခြင်းမှာ
အပ်တစ်ဖျားစာပဲ
အပြောင်းအလဲ မြန်
နက်ဖြန်ရဲ့ အသစ်
ကနေ့အဖြစ်ကို
မျိုဝါးသွားပါလိမ့်မယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဇန်နဝါရီ
မပီမသ မြင်ကွင်း
နှင်းကာလရဲ့
ညအခါမှာ
ကဗျာတစ်ပုဒ် ဖွားမြင်တယ်။

အို့အို့အေအေး
တိတ်ပါ့ ကလေးရယ်။
မိခင်ငယ်ရဲ့ တေး
ရင်အေးစရာ။

မကြာမီ
ရာသီများစွာ
ထွက်ခွာစုန်ဆန်
နက်ဖြန်ရဲ့ လက်တစ်ချောင်း
စုဆောင်းမိမယ်။

ခုနေခါတော့
ငိုကြွေးတဲ့ တေးဟာလည်း
သည်းလှိုက်စူးနစ်
ချစ်စရာကွယ်။ ။



mgyoe.com

mgyoe.com SAMPLE BOOK

## မိုးညတစ်ညမှာ

မိုးထဲ လေထဲ
ဝမ်းနည်း ယူကြုံးမရစွာ
မသာမယာ ခြေလှမ်းများ
အားယူ ဖြတ်လျှောက်
သြော် ... ထားခဲ့ရပြန်ပြီ တစ်ယောက်ကို။

မိုးည
တဝေါဝေါကျ ဆူညံ
မိုးချုန်းသံ နားကွဲအက်
လျှပ်စီးလက် ကြမ်းတမ်း
လေရမ်းကား ဖျက်ဆီးမွှေ
အခြေအနေကို မသိကျိုးကျွံပြု
ရင်ထုမနာ ဖြစ်စရာ
သွားရှာလေသူရဲ့ နောက်ဆုံးခရီး
မြေကြီးခဲ တစ်ဆုပ်စီချ
ဝမ်းနည်း ခွဲခွာစကား ဆိုရတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

မိုးရွာပြီးစ တစ်ညနေ
တို့တစ်တွေ ပြန်ဆုံတော့
သူ့မြေပုံ မို့မို့ထိပ်
စာတန်းတစ်ခု ချိတ်ရအောင်။

'ဖြတ်သန်းသွားလာသူ အဆွေတော်
ခရီးကြမ်း ကာလတစ်လျှောက်
ဖောက်ပြန် ဘက်ကူး
ဘုရင်ရူးကြီးတစ်ပါးအကြောင်း
သင်ခန်းစာကောင်း ဝေငှ
လက်ဆင့်ကမ်းကြပါ' ... လို့။ ။

'ရှုတသော ရသနေ့များ' ကဗျာစာအုပ်မှ၊ မေ၊ ၁၉၇၃။



mgyoe.com

mgyoe.com SAMPLE BOOK

## အဝေးပြေးကားဆိပ်

လူသားရဲ့ သိက္ခာပုဒ်
ထမင်းတစ်လုတ်နဲ့ လဲရန်
ငြင်းဆန် အံခဲ ကြံရှုန်း
ကျဆုံးခဲ့ရသူများ ...။

မအိပ်တဲ့ ကလေး
ချွဲချွဲပျစ်ပျစ် အူတဲ့ချွေး
မိုးအေးည စိုစိုစွတ်
ပြွတ်သိပ်ထွေးရှုပ် တိုးကြိတ်အိပ်
အဝေးပြေးကားဆိပ် တစ်နေရာ ...။

ဆန် တစ်စလယ်နဲ့
တစ်ည အဝယ်ခံလိုက်ရ
ဒီကလေးမ ဘဝ
အားလုံး သိကြပါတယ် ...။



mgyoe.com

mgyoe.com SAMPLE BOOK

ကျစ်ကျစ်ထုပ်ထားတဲ့
အဝတ်စုတ်လေးရဲ့ ထောင့်က
ငွေစလေးဖြေ၊ ချီတုံချတုံ
ကားလမ်းဆုံ ရှာငယ်မှ
ဘဝတူ ဖြူရော်ညှိုးနွမ်း မျက်နှာများဆီ
ဆန်တစ်ပြည်၊ ငွေတစ်မတ် အမြတ်
အိပ်မက် မက်ရင်း တွက်တတ်သေး ...။

အသွေးအသား၊ မျိုးဝါးစုပ်ယူ အားရ
ဟိန်းဟောက် ငေါက်ငမ်းလည်း ခံရ
၂၀ ရာစု ယန္တရားလွင်ထက်၊ အသက်ရှင်ရေး
လူ့အရည်အသွေးအားလုံး ပူဇော်
ထမင်းဝသော် မရှက်တတ် ...။

ဖယောင်းတိုင်မီး မှိန်ပျပျ
မာကျူရီမီး လင်းလင်းတောက်
သံချောင်းတစ်ချက် ခေါက်ပြီ
ဗိုသီဖတ်သီ နှီးကြခေါ်ကြ
ခေါင်းဖြီး ပေါင်ဒါသ အဝတ်လဲ
ညတိတ်ဆိတ်ထဲ ရှုရှုလှုပ်
ကျားကုတ်ကျားခဲ ဘဝမှာ တပ်မက်
နှစ်သက်တတ်တဲ့လူ။

သမိုင်းစာမျက်နှာ တစ်ရွက်



mgyoe.com

mgyoe.com SAMPLE BOOK

ဝမ်းဟောက်ပက်လက်များ
ရေးသားဖြည့်စွက်နေကြ
သဘောကျကျ မကျကျ
မနက်ခင်းကျ ဖတ်ရလိမ့်မယ်။

အမိုးပေါ် တောင်ကုန်းပမာ
အတွင်းမှာ အမှိုက်ပုံ
စုပြုံပြွတ်သိပ်
ကုန်အပြည့် လူအပြည့် ကားကြီး
ညည်းညူအော်ဟစ် ယိမ်းခါ
ထွက်ခွာသွားနေပါပြီ။ ။

မိုးရိပ်လေရိပ် ကဗျာစာအုပ်မှ
ဒွန်၊ ၁၉၇၃။



mgyoe.com

mgyoe.com SAMPLE BOOK

# ၇၃ ကို ဖြတ်သန်းခြင်း

ချစ်သူ ရဲ့
ချိုမြိန်တဲ့ နှုတ်ခမ်း
အနမ်းများ
ကြောက်လန့်တကြား ပြေးကြပြီ။

အနော်ရထာလမ်းမမှာ
စိမ်းဝါနီပြာ
ဖိနပ်များ
ခွဲခြားရ ခက်စွ
ကင်းခြေထောက် ဘုရင်မင်းမြတ်
လမ်းလျှောက်နေတယ်။

၁၉၄၄
ငါ မွေးတဲ့နှစ်ကလည်း
ငါ့ခေတ်ကို မနာလိုကြီးစွာ
သရော်နေရဲ့။



mgyoe.com

mgyoe.com SAMPLE BOOK

ကျောက်ဆောင်တွေကြားက
မြစ်ဖျားသံလွင်
ရင်ခွင်မှေးစက်
အိပ်မက်တွေ ...
သေးငယ်ကျဉ်းမြောင်း
အကွေ့အကောက်ပေါင်း များစွာ
ဖြတ်သန်းလာရ
မုတ္တမကွေ့က ရှင်းပြလိမ့်မယ်။
သော့ခတ်ထားတဲ့
စာတိုက်ပုံးနီနီထဲက စာ
သက်ဆိုင်သူရှိရာ သွားလိမ့်မယ်။

နက်ဖြန် နေထွက်မှာ
အခါတစ်ရာ ပြောပြီး
သစ္စာဝါဒီဘဝ
လက်မ ထောင်
အချောင်ခို မနေရစ်ချင်ဘူး။

ကောက်ရိုးပုံပေါ်က
ဒိုင်ဗင်ထိုးချ
'ရွှေဘကွ' အော်တဲ့
ငါ့ ကလေးဘဝ ကျန်ခဲ့ပါပြီ။



mgyoe.com

mgyoe.com SAMPLE BOOK

ဝင်းမှည့်ချိုမြိန်တဲ့ အရသာ
ဘယ်သူ့ထံ ပို့မယ်
နားလည် စည်းခြားပြီးနောက်။

သရက်သီး မမှည့်ခင်
ချဥ်တဲ့ အရသာ
အချိန်ကာလက ဆုံးဖြတ်တယ်။

စားပွဲပေါ်က
ဖတ်လက်စ စာမျက်နှာ
တစ်ပိုင်းတစ်စ ကဗျာ
ရင်ထဲက သန္ဓေသား
ဘယ်နေ့များမှ မွေးပါ့
လူ့ရွှန်းဝိညာဥ်ရဲ့ သက်မ ချသံ
တစ်ခန်းလုံး ညံနေတယ်။

ပေလီ ပင်လယ်ပြာ
သဲကမ္ဘလာဖြူတစ်လျှောက်
တိမ်တောက်ချိန် ညနေခင်း
မြင်ကွင်းအလှ
တစ်မိနစ်က တစ်မိနစ်
အလှသစ်များ တဖျပ်ဖျပ်
ငါ့ရင် ဆတ်ဆတ်ခုန်ခဲ့ပြီ။



mgyoe.com